# မြန်မာနိုင်ငံ- သတင်းမီဒီယာဥပဒေ

2014

Legal analysis

# အစီရင်ခံစာ အကျဉ်းချုပ်

ယခုသုံးသပ်မှုသည် ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံ၏ သတင်းမီဒီယာဥပဒေသည် နိုင်ငံတကာ လွတ်လပ်စွာ ဖော်ပြ ပြောဆိုခွင့်၊ သတင်းလွတ်လပ်ခွင့်ဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီမှု ရှိ-မရှိကို စိစစ်သုံးသပ်ထားခြင်း ဖြစ်ပါသည်။ သတင်းမီဒီယာ ဥပဒေအနေဖြင့် သတင်းမီဒီယာ လွတ်လပ်ခွင့်ကို တစ်စုံတစ်ရာ အစပျိုး ခွင့်ပြုထားပါသည်။ ဥပမာအားဖြင့်- ဆင်ဆာ စိစစ်တည်းဖြတ်မှုကို တားမြစ်ထားခြင်း၊ "သတင်းမီဒီယာသမားများ"၏ တိကျသော အခွင့်အရေးများကို အသိအမှတ်ပြုထားခြင်းတို့ ဖြစ်ပါသည်။ ဤသည်မှာ အပြုသဘော လုပ်ဆောင်မှုအဖြစ် ရှုမြင်နိုင်ပြီး၊ နိုင်ငံအတွင်း အကျယ်အပြန့် ကျင့်သုံးနေသည့် ဆင်ဆာစိစစ် တည်းဖြတ်မှု ယန္တယားများကို စတင်ဖြိုဖျက်ချလိုက်ခြင်းပင် ဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာ အစိုးရအနေဖြင့် ယခုဥပဒေ၏ အပြုသဘောဆောင်သော ပြဋ္ဌာန်းချက်များမှနေ၍ ဆက်၍ တည်ဆောက်သွားပါရန်လည်း တိုက်တွန်းလိုပါသည်။

သို့သော်လည်း၊ ပုဒ်မ (၁၉) ARTICLE 19 အဖွဲ့အနေဖြင့် ဥပဒေ၏ လိုအပ်ချက်များအပေါ် ကြီးလေးစွာ စိုးရိမ်ပူပန်မှုများ ရှိနေပါသည်။ သတင်းမီဒီယာ လွတ်လပ်ခွင့်အပေါ် ကာကွယ်စောင့်ရှောက်မှုပေးခြင်းမှာ အရည်အသွေးများစွာ မြင့်တက်လာသော်လည်း၊ နိုင်ငံတကာ စံနှုန်းများကို ပြည့်မီခြင်း မရှိသေးပါ။ ပုံနှိပ်၊ ထုတ်လွှင့် နှင့် အင်တာနက်အခြေခံ မီဒီယာများ အပါအဝင် မီဒီယာအမျိုးအမည် အားလုံးတို့သည် သတင်းမီဒီယာ ကောင်စီ၏ တင်းကျပ်စွာ ချုပ်ချယ်မှုမဟုတ်သော ထိန်းချုပ်မှု တစ်စုံတစ်ရာအောက်၌ ရှိနေကြဆဲ ဖြစ်ပါသည်။ ယင်းသတင်းမီဒီယာကောင်စီသည် အစိုးရနှင့် သီးခြား လွတ်လပ်နေခြင်း မရှိပါ။ သို့အတွက်ကြောင့် အကြောင်းအရာအပေါ် အခြေခံ၍ ရာဇဝတ်မှုဥပဒေများဖြင့် အသုံးချ အရေးယူနိုင်သည့်အတွက်၊ သတင်းမီဒီယာများကို လုံလောက်စွာ ကာကွယ်မှု ပေးနိုင်ခြင်း မရှိပါ။ ယင်းကောင်စီက ဆုံးဖြတ်၍ အပြစ်ပေးအရေးယူမှုများ ပြုနိုင်ခြင်း မရှိသော်လည်း၊ ကျိုးကြောင်းခိုင်လုံမှု မရှိဘဲ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ကန့်သတ်ခြင်းများ ရှိနေဆဲ ဖြစ်ပါသည်။

ပုဒ်မ (၁၉) ARTICLE 19 အဖွဲ့က မြန်မာအာဏာပိုင်များအနေဖြင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ သဘောတူညီချက် ("ICCPR") ကို အသိအမှတ်ပြုပါရန် နှင့် သတင်းမီဒီယာ ဥပဒေကို ဖက်စုံပြည့်စုံစွာ ပြင်ဆင်ရေးဆွဲပါရန် တောင်းဆိုလိုပါသည်။ သို့မှသာ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့် နိုင်ငံတကာစံချိန် စံနှုန်းများ နှင့် ကိုက်ညီလိမ့်မည် ဖြစ်ပါသည်။

# နိဒါန်း

ယခုသုံးသပ်ချက်သည် မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် သတင်းမီဒီယာဥပဒေ (ဤဥပဒေဟု နောက်ပိုင်းတွင်သုံးမည်) ကို နိုင်ငံတကာ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ-မရှိ သုံးသပ်ထားခြင်း ဖြစ်ပါသည်။ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေး သဘောတူညီချက် (ICCPR) ၏ အဓိကကျသော ပြဌာန်းချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားခြင်း ဖြစ်ပါသည်။ ထို့အပြင် ယခုသုံးသပ်ချက်သည် ပုဒ်မ (၁၉) ARTICLE 19 အဖွဲ့၏ နိုင်ငံအများအပြားတွင် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် ပြည်သူများ သတင်းရရှိပိုင်ခွင့်တို့နှင့် ပတ်သက်၍ ဥပဒေကြောင်းအရနှင့် မူဝါဒရေးရာအရ ကာကွယ်မှုပေးနိုင်ရန် လုပ်ဆောင်ခဲ့သည့် များစွာသော အတွေ့အကြုံများအပေါ် အခြေခံ၍ တင်ပြထားခြင်းလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေး သဘောတူညီချက် (ICCPR) သို့မဟုတ် အခြားအဓိကကျသည့် လူ့အခွင့်အရေး နိုင်ငံတကာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးထားခြင်း၊ အသိအမှတ်ပြုထားခြင်း မရှိသေးသော်လည်း၊ ပုဒ်မ (၁၉) ARTICLE 19 အဖွဲ့က အကြံပြုလိုသည်မှာ ယခု သဘောတူညီချက်များ၏ စံနှုန်းများသည်၊ နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေများအဖြစ် ထင်ဟပ်ကျင့်သုံး နေကြသည့်အတွက်ကြောင့်၊ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်အတွက် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အာမခံချက်ပေးရာ၌ လမ်းညွှန်အဖြစ် ယူသင့်ပါသည်။

နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း ("UDHR") ပုဒ်မ (၁၉) တွင် လွတ်လပ်စွာဖော်ပြ ပြောဆိုခွင့်ကို ကာကွယ်မှု ပေးထားပြီး၊ ဤသို့ ဖော်ပြထားပါသည်။

> လူတိုင်းတွင် လွတ်လပ်စွာ တွေးခေါ်ကြံဆခွင့် နှင့် ဖော်ပြခွင့်ရှိသည်။ ဤအခွင့်အရေးတွင် မိမိ၏ထင်မြင်ယူဆချက်ကို နှောင့်ယှက်ထိပါးခြင်း မရှိဘဲ၊ ထိန်းသိမ်းထားခွင့်၊ သတင်းများနှင့် အတွေးအခေါ်များကို နိုင်ငံနယ်နိမိတ်များ အကန့်အသတ် မရှိဘဲ မည်သည့် သတင်းမီဒီယာများမှမဆို ရှာဖွေခွင့်၊ လက်ခံရယူခွင့်၊ ဖြန့်ချိခွင့်တို့ ပါဝင်သည်။

နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) သည်၊ ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်ကဲ့သို့ပင် နိုင်ငံများအပေါ်တွင် တိုက်ရိုက်စည်းနှောင် သက်ဝင်မှု မရှိပါ။ သို့သော်လည်း ၁၉၄၈ ခုနှစ်၊ ယင်းကိုစတင်လက်ခံကျင့်သုံးချိန်မှစ၍ ပုဒ်မ (၁၉) အပါအဝင်၊ နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း၏ အစိတ်အပိုင်းများကို ဓလေ့ထုံးတမ်း ဥပဒေများတွင် ဥပဒေကြောင်းအရ ခွန်အားရှိနေသည်ဟု အကျယ်အပြန့် လက်ခံယူဆထားခဲ့ကြပါသည်။ [1]

အပြည်ပြည်ဆိုင်ရာ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေး သဘောတူညီချက် (ICCPR) တွင်၊ နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) တွင် ဖော်ပြထားသည့် အခွင့်အရေးများကို ဖော်ပြထားပြီး၊ ဥပဒေကြောင်းအရ ခွန်အားဖြည့်ဆည်းပေးထားပါသည်။[2] (ICCPR) သဘောတူညီချက်၏ ပုဒ်မ (၁၉) တွင်လည်း လွတ်လပ်စွာ ဖော်ပြ ပြောဆိုခွင့်ကို အာမခံချက် ပေးထားပါသည်။

> ၁။ လူတိုင်းသည် လွတ်လပ်စွာ တွေးခေါ်ကြံဆခွင့် အခွင့်အရေး ရှိစေရမည်။
> ၂။ လူတိုင်းသည် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့် ရှိစေရမည်။ ဤအခွင့်အရေးတွင် သတင်းနှင့် အယူအဆများ အားလုံးကို နှုတ်အားဖြင့်ဖြစ်စေ၊ ရေးသား၍ ဖြစ်စေ၊ ပုံနှိပ်ဖော်ပြ၍ ဖြစ်စေ၊ အနုပညာပုံစံဖြင့် ဖြစ်စေ၊ သို့မဟုတ် သူ၏ ရွေးချယ်ရာ မီဒီယာ တစ်ခုခုမှဖြစ်စေ၊ နိုင်ငံနယ်နိမိတ်များ အကန့်အသတ်မရှိဘဲ ရှာဖွေခွင့်၊ လက်ခံရယူခွင့်၊ ဖြန့်ချိခွင့်တို့ ပါဝင်သည်။

[1] Filartiga v. Pena-Irala, 630 F. 2d 876 (1980) (US Circuit Court of Appeals, 2nd circuit).

[2] ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် 2200A (XXI), ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ ၁၉၇၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် သက်ဝင်သည်။

> ၃။ ယခုပုဒ်မ၏ အပိုဒ်-၂ တွင် ဖော်ပြထားသည့် အခွင့်အရေးများကို ကျင့်သုံးရာ၌ ယင်းနှင့်အတူ အထူးတာဝန်များနှင့် ဝတ္တရားများလည်း သက်ဆိုင်နေသည်။ သို့အတွက်ကြောင့် ကန့်သတ်မှုတစ်စုံတစ်ရာလည်း ရှိကောင်း ရှိလာနိုင်သည်။ သို့သော် ဤကန့်သတ်ချက်များသည် လိုအပ်ချက်အရ ဥပဒေပြဋ္ဌာန်းမှုများအရ ဖြစ်စေရမည်။
>
> (က) အခြားသူများ၏ အခွင့်အရေးများ၊ ဂုဏ်သိက္ခာကို လေးစားသောအားဖြင့်၊
> (ခ) အမျိုးသားလုံခြုံရေး နှင့် တည်ငြိမ်အေးချမ်းရေး၊ သို့မဟုတ် ပြည်သူအများ၏ ကျန်းမာရေးနှင့် ကျင့်ဝတ်များကို ကာကွယ်မှုပေးသောအားဖြင့် .. ဖြစ်စေရမည်။

(ICCPR) သဘောတူညီချက်ကို စောင့်ကြည့်ထိန်းသိမ်းနေသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့်၊ လူ့အခွင့်အရေး ကော်မီတီက အထွေထွေမှတ်ချက် အမှတ် (၃၄) တွင် ပုဒ်မ (၁၉) ကို အဓိပ္ပါယ်ဖွင့်ဆိုမှုအတွက် လမ်းညွှန်အဖြစ် နောက်ထပ် ဖော်ပြထားရာ၌၊ "မည်သို့သော လူ့အဖွဲ့အစည်း၌မဆို လွတ်လပ်သည့်၊ ဆင်ဆာစိစစ် ဖြတ်တောက်မှုကင်းသည့်၊ အနှောင့် အယှက်မရှိသည့် သတင်းဌာနများ၊ သို့မဟုတ် အခြားမီဒီယာများ မရှိမဖြစ် လိုအပ်သည်"။ ထို့အပြင် "ယင်းသည် ဒီမိုကရေစီ နည်းကျ လူ့အဖွဲ့အစည်း၏ အခြေခံအုတ်မြစ် ဖြစ်သည်" ဟု ဖော်ပြထားသည်။[3] ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် ပတ်သက်သည့် အထူးတာဝန်များမှာ၊ ဒေသတွင်း တာဝန်ရှိ နေသူများနှင့်အတူ၊ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် ပတ်သက်၍ နှစ်စဉ် ပူးတွဲ ထုတ်ပြန်ကြေညာချက်များတွင် အလားတူ လမ်းညွှန်များကို ထုတ်ပြန် ဖော်ပြရန်ပင် ဖြစ်သည်။[4]

## သတင်းမီဒီယာဥပဒေ၏ အားကောင်းချက်များ

ယခုဥပဒေတွင် လူမှုအဖွဲ့အစည်းအတွင်း၌ သတင်းမီဒီယာ၏ အရေးပါသည့် အခန်းကဏ္ဍကို အပြုသဘော ရည်ညွှန်းဖော်ပြမှု များ ပါဝင်ပါသည်။ ထို့အပြင် သတင်းမီဒီယာ လွတ်လပ်ခွင့်များနှင့် သတင်းမီဒီယာ လုပ်သားများ၏ အခွင့် အရေးများကိုလည်း ဥပဒေကြောင်းအရ ကာကွယ်ပေးမှု တိုးချဲ့ထားပါသည်။ သို့သော်လည်း ဤသို့ တိုးတက်မှုများသည် ဝေဝါးနေသောကြောင့် ပြဿနာရှိနိုင်ပြီး၊ တစ်နည်းအားဖြင့် ယခုပေးအပ်ထားသည့် အခွင့်အရေးများသည် ခံစားရယူနိုင်ရန် အရည်အသွေး မြင့်မား လွန်းနေပါသည်။

ဤဥပဒေ၏ ဦးတည်ချက်များကို (အခန်း ၂၊ ပုဒ်မ ၃) တွင် ဖော်ပြထားရာ၌-

- သတင်းမီဒီယာများအနေဖြင့် "ဆင်ဆာစိစစ် ဖြတ်တောက်မှုမရှိဘဲ၊ လွတ်လပ်စွာ ရေးသားထုတ်ဖော် ဖြန့်ချိခွင့်" ကို အာမခံထားပေးသော်လည်း၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် အညီဟု ရည်ညွှန်း ဖော်ပြထား ပါသည်။ ဤအချက်မှာ နိုင်ငံတကာ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့် စံနှုန်းများနှင့် ကိုက်ညီ ခြင်း မရှိပါ။ [5]
- သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာ ရပ်တည်နိုင်စေရန်။

[3] လူ့အခွင့်အရေးကော်မီတီ (Human Rights Committee)၊ ပုဒ်မ ၁၉ လွတ်လပ်စွာ တွေးခေါ်ကြံဆခွင့် နှင့် ဖော်ပြပြောဆိုခွင့်နှင့် ပတ်သက်၍ အထွေထွေ မှတ်ချက်အမှတ် ၃၄၊ CCPR/C/GC/34, ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်၊ ဤအွန်လိုင်းစာမျက်နှာတွင် ရရှိနိုင်သည်။ http://www2.ohchr.org/english/bodies/hrc/docs/gc34.pdf

[4] သတင်းမီဒီယာများ လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ကာကွယ်ပေးရန် အစိုးရများအကြား အဖွဲ့အစည်း ကိုယ်စားလှယ်များ၏ ထုတ်ပြန်ကြေညာချက်။ Ed. by Adeline Hulin. - Vienna: OSCE Representative on Freedom of the Media, 2013. - 87 pp, ဤအွန်လိုင်းစာမျက်နှာတွင် ရရှိနိုင်သည်။ http://www.osce.org/fom/99558?download=true.

[5] မြန်မာနိုင်ငံ- ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်သို့ ပေးစာ။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်၊ ဤအွန်လိုင်းစာမျက်နှာတွင် ရရှိနိုင်သည်။ http://www.article19.org/resources.php/resource/37457/en/myanmar:-letter-to-daw-suu-on-constitutional-reform

- သတင်းမီဒီယာ သမားများ၏ "ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ" အပြည့်အဝ ရရှိစေရန်၊ သို့သော်လည်း ဤလုပ်ငန်းကဏ္ဍတွင် လိုက်နာရမည့် တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ကျင့်စဉ်များကို သတ်မှတ်ရေးဆွဲရန်လည်း ရည်ရွယ်ထားသေးသည်။
- နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊ သို့သော်လည်း မြန်မာနိုင်ငံရှိ လူအားလုံးအတွက် မဟုတ်ပါ။
- သတင်းမီဒီယာ ကောင်စီမှတဆင့် တိုင်ကြားချက်၊ အငြင်းပွားမှုများကို နစ်ဖက်ညှိနှိုင်းဖြေရှင်းသော နည်းလမ်းဖြင့် ကျေအေးပြေငြိမ်းသေသော လုပ်ငန်းစဉ်တစ်ရပ်လည်း ထူထောင်ထားမည် ဖြစ်သည်။

ဤဥပဒေ၏ အပြုသဘောဆောင်သည့် ပြဌာန်းချက်များကိုလည်း အောက်ပါအချက်များ အပါအဝင်၊ ဆက်လက်တိုးချဲ့သင့်ပါသည်။

- "သတင်းမီဒီယာ လုပ်ငန်း ထုတ်ဝေစာသည် စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်" ဟူသော ပုဒ်မ ၅ ပါ အာမခံချက်။
- အစိုးရ၏ ဌာနအသီးသီးကို "သတင်းမီဒီယာသမားများ"က ဝေဖန်၊ ထောက်ပြ၊ အကြံပြုရေးသားခွင့် ရှိသည်ဟူသော အာမခံချက်။
- သတင်းမီဒီယာကောင်စီတွင် သတင်းမီဒီယာသမားများ အပြင်၊ ပိုမိုကျယ်ပြန့်သည့် လူထုအဖွဲ့အစည်း ကိုယ်စားလှယ်များ ပါဝင်နိုင်ခွင့်၊
- သတင်းမီဒီယာ တာဝန်နှင့် ကျင့်ဝတ်သိက္ခာများကို ချိုးဖောက်ပါက ပြစ်မှုဆိုင်ရာအရ ပြစ်ဒဏ်ပေးနိုင်မှု မရှိခြင်း၊ သို့သော်လည်း အထွေထွေဥပဒေများအရ အသုံးချ အရေးယူမှုများ ရှိနိုင်သေးသည်။

ဤသို့ အပြုသဘောပြဌာန်းချက်များ မြန်မာနိုင်ငံ၏ သတင်းမီဒီယာ နယ်ပယ်တွင်းသို့ ပါဝင်လာသည့်အတွက်ကြောင့် ကြိုဆိုလိုသော်လည်း၊ ဤအခွင့်အရေးများ ခံစားနိုင်ရန်အတွက် အထူး အရည်အသွေးများ ထားရှိခြင်းနှင့်၊ ဤဥပဒေ၏ ဆိုးကျိုးသဘော အချက်များပါဝင်နေပြီး ပဋိပက္ခဖြစ်နေစေသည့်အတွက်ကြောင့်၊ နိုင်ငံအတွင်း သတင်းမီဒီယာ လွတ် လပ်ခွင့်အပေါ် အနည်းငယ်မျှသာ လက်တွေ့ အကျိုးသက်ရောက်မှု ရှိစေလိမ့်မည်ဟု ပုဒ်မ (၁၉) ARTICLE 19 အဖွဲ့က စိုးရိမ်ပူပန်မှု ရှိနေပါသည်။

ယခုဥပဒေကို ပြန်လည်သုံးသပ်စိစစ်၍၊ အာဏာပိုင်များက အပြုသဘောဆောင်သည့် ပြဌာန်းချက်များကို ပို၍အားကောင်းလာစေရန် တည်ဆောက်ပေးပြီး၊ အောက်တွင် ဆက်လက်ဖော်ပြမည့် စိုးရိမ်ပူပန်မှုများကိုလည်း ဖြေရှင်းပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

# သတင်းမီဒီယာဥပဒေ၏ ပြဿနာများ

ဤဥပဒေတွင် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့် ရှုထောင့်မှနေ၍ အခြေခံကျသည့် အားနည်းချက်၊ အမှားအယွင်းများစွာ ရှိနေပါသည်။ သတင်းမီဒီယာ လွတ်လပ်ခွင့်ကို အာမခံချက်ပေးနိုင်အောင် သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုများ လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ သတင်းမီဒီယာများအနေဖြင့် နိုင်ငံတော်၏ ကြားဝင်နှောင့်ယှက်မှုမှ ကင်းလွတ်စွာ ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။ အထူးသဖြင့် အောက်ဖော်ပြပါ ပြဿနာများကို ထောက်ပြလိုပါသည်။

## သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာဖော်ပြ ပြောဆိုခွင့်အပေါ် အတိအလင်း အသိအမှတ် ပြုရန် ပျက်ကွက်နေခြင်း

ဤဥပဒေ၏ "ရည်ရွယ်ချက်များ" (အခန်း ၂) တွင် သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့် အပေါ် အတိအလင်း ဖော်ပြမထားပါ။ ဥပဒေအရ အထွေထွေသော "လွတ်လပ်ခွင့်များ" နှင့် "ရပိုင်ခွင့်များ" ကို သတင်းမီဒီယာ အဖွဲ့အစည်းများထံသို့၊ သတင်းမီဒီယာ သမားများသို့၊ "နိုင်ငံသားများသို့" ရရှိစေမည်ဟု ရည်ညွှန်း ဖော်ပြထားသော်လည်း၊ ဤအချက်များသည် သေးငယ်သည့် အစိတ်အပိုင်းများသာ ဖြစ်ပြီး၊ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် သတင်းမီဒီယာ လွတ်လပ်ခွင့်အတွက် ဖက်စုံ အာမခံချက်မျိုးပေးရန် ပျက်ကွက်နေပါသည်။

သတင်းမီဒီယာများအပေါ် မည်သို့သော နိုင်ငံတော်၏ စည်းမျဉ်းဥပဒေ ပြဌာန်းချက်မျိုးမဆို လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်အပေါ် မလွဲမရှောင်သာ ထိပါးမှုများ ဖြစ်နေစေပါသည်။ ဤသို့ ဖြစ်သည့်အတွက်ကြောင့်၊ သတင်းမီဒီယာများအပေါ် စည်းမျဉ်းထိန်းချုပ်ရန် ကြိုးပမ်းသည့် ဥပဒေတိုင်းသည် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။

- ဒီမိုကရေစီ လူမှုအဖွဲ့အစည်းတစ်ခုတွင် သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့် အရေးကြီးကြောင်း ရှင်းလင်းစွာ ဖော်ပြခြင်း၊
- သတင်းမီဒီယာများအပေါ် ထိန်းချုပ်စည်းကမ်းသတ်ရန် ကြိုးပမ်းမှုမှန်သမျှသည်၊ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်အပေါ် ထိပါးနှောက်ယှက်ရာ ရောက်စေကြောင်း အသိအမှတ်ပြုပြီး၊ ယင်းကိစ္စများအတွက် ကျိုးကြောင်းဆင်ခြေခိုင်လုံစွာ ဖော်ပြရမည်။
- နိုင်ငံတော် အစိုးရနှင့် ယင်း၏အာဏာပိုင်များအနေဖြင့် ဥပဒေကို အသုံးပြုပါက လွတ်လပ်စွာ ဖော်ပြ ပြောဆိုခွင့်အပေါ် ထိပါးနှောက်ယှက်မှု မရှိစေရန် လိုက်နာစောင့်ထိန်းရမည့် ဝတ္တရားများ ဖန်တီးပေးထားရမည်။ ယင်းအချက်များတွင် ဥပဒေကို အသုံးချရာ၌ (၁) ဥပဒေမှ ပြဌာန်းထားသည့်အတိုင်း၊ (၂) တရားဝင် ဦးတည်ချက်ကို ရရှိစေရန်နှင့် (၃) ယင်းဥပဒေသည် ဒီမိုကရေစီလူမှု အဖွဲ့အစည်းတွင် လိုအပ်ကြောင်း အချက်များ အပါအဝင် ဖြစ်သည်။

အထူးသဖြင့် ဤဥပဒေသည် ပြည်သူအများနှင့် ဆိုင်သော ကိစ္စများတွင် သတင်းမီဒီယာ လွတ်လပ်ခွင့် အရေးကြီးပုံနှင့် ပြည်သူများ၏ ထင်မြင်ချက်များကို ဆင်ဆာစိစစ် တည်းဖြတ်မှု မရှိဘဲ၊ ကြိုတင် ချုပ်တည်းထားမှုများ မပါရှိဘဲ သတင်းပေးခွင့် အရေးကြီးကြောင်းကို အသိအမှတ် ပြုသင့်ပါသည်။[6] ဤဥပဒေအနေဖြင့် အနှောင့်အယှက်ကင်းသည့် ဖော်ပြ ပြောဆိုမှု၏ တန်ဖိုးကို အလေးပေးဖော်ပြသင့်ပြီး၊ အထူးသဖြင့် ဒီမိုကရေစီလူ့ဘောင်အတွင်းရှိ ပြည်သူများအရေးအပေါ် ပြည်သူများအတွင်း လူသိများထင်ရှားသူများ၊ နိုင်ငံရေးနယ်ပယ်မှ ထင်ရှားသူများ ဆွေးနွေးငြင်းခုံကြသည့် အခြေအနေမျိုးတွင် ဖြစ်သည်။ ဤဥပဒေအနေဖြင့် ပါတီစုံစနစ်၊ ဒီမိုကရေစီ အခြေခံမှုများ၊ သို့မဟုတ် လူ့အခွင့်အရေးများအကြောင်း တိုက်တွန်း ပြောဆိုမှုအပေါ် ကန့်သတ်ချုပ်ချယ်မှုများအပေါ် မည်သည့်အကြောင်းနှင့်မျှ မဖြစ်သင့်ကြောင်းကိုလည်း အာမခံချက် ပေးထားသင့်ပါသည်။[7]

---

[6] အထွေထွေမှတ်ချက် ၃၄, at para. 13.

[7] *Ibid.* at para. 23.

နိူင်းယှဉ်ချက်များအရ၊ ဆွီဒင်နိုင်ငံနှင့် ဖင်လန်နိုင်ငံရှိ သတင်းစာကျင့်ဝတ်များက ကောင်းမွန်သော ကျင့်သုံးမှုပုံစံကို ပြသနေပြီး၊ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ အထူးသဖြင့် မီဒီယာလွတ်လပ်ခွင့်ကို နိုင်ငံတကာဥပဒေများနှင့် အညီ လိုက်နာ၍ မည်သို့သော နှောင့်ယှက် စွက်ဖက်ခြင်းမျှ မရှိရလေအောင် သေချာဆောင်ရွက်ထားပါသည်။[8]

ဤဥပဒေအရ "ဆင်ဆာစိစစ် တည်းဖြတ်မှုမှ လွတ်လပ်ခွင့်" ပေးအပ်ထားသော်လည်း၊ ဤအာမခံချက်မှာ ဝေဝါး မရှင်းလင်းဖြစ်နေပြီး၊ အခန်း ၄ ရှိ သတင်းမီဒီယာသမားများအပေါ် ချမှတ်ထားသည့် အကျယ်အပြန့်သော တာဝန်များနှင့် ပဋိပက္ခ ဖြစ်နေပါသည်။ သေချာရှင်းလင်းမှုအတွက်၊ ဤဥပဒေတွင် ပုံနှိပ်ဖော်ပြခြင်းမပြုမီ နိုင်ငံတော်က စောင့်ကြည့်နေခြင်းမျိုး ဖော်ပြချက်မျိုးစုံကို တားမြစ်ထားကြောင်း အတိအလင်း ဖော်ပြပေးသင့်ပါသည်။ သို့မဟုတ် ပုံနှိပ်ဖော်ပြခြင်း မတိုင်မီ ဖော်ပြပြောဆိုရန် တစ်နည်းတစ်ဖုံအားဖြင့် ကန့်သတ်ချုပ်ချယ်ခြင်းများကို တားမြစ်သင့်ပါသည်။[9]

**အကြံပြုချက်များ**

- ဥပဒေတွင် ယင်း၏ ရည်ရွယ်ချက်များ၌ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများနှင့် အညီ "သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို မြှင့်တင်ပေးရန်နှင့် ကာကွယ်ပေးရန်" အချက်ကို ထည့်သွင်းသင့်ပါသည်။ နိုင်ငံရေးအရ ဆွေးနွေးငြင်းခုံခွင့်အပေါ် အနှောက်အယှက် ကင်းစေရန်အချက်ကိုလည်း အလေးပေး ဖော်ပြရပါမည်။
- ဥပဒေအရ နိုင်ငံတော်က မည်သည့်သတင်းမီဒီယာများမဆို မထုတ်ဝေမီ ဆင်ဆာစိစစ် တည်းဖြတ်မှုကို ဆန့်ကျင်ကြောင်းလည်း အာမခံချက်ပေးရပါမည်။

## လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်အပေါ် ဝေဝါးမသဲကွဲသည့် ပိတ်ပင်တားဆီးမှုများ

ဤဥပဒေရှိ ဖော်ပြထားချက်အများတွင် ကျယ်ပြန့်သော၊ မတိကျသော၊ သို့မဟုတ် ဝေဝါးသော ဝေါဟာရများ ပါဝင်နေပါသည်။ ယင်းဝေါဟာရများကို မကြာခဏဆိုသလို မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်၊ သို့မဟုတ် အတိအကျ ဖော်ပြထားခြင်း မရှိသည့် နိုင်ငံတော်ဥပဒေများဖြင့် အရည်အသွေး သတ်မှတ် ဖော်ပြထားပါသည်။ သို့အတွက်ကြောင့်၊ နိုင်ငံတော်၊ သို့မဟုတ် တည်ထောင်ထားသည့် စည်းမျဉ်းထိန်းသိမ်းရေးအဖွဲ့ထံ အပ်နှင်းထားသည့် အာဏာ၏အတိုင်းအဆကို ဥပဒေကြောင်းအရ ဆုံးဖြတ်နိုင်ရန် ခက်ခဲပါသည်။ တစ်နည်းမဟုတ် သတင်းမီဒီယာသမားများနှင့် အခြားသူများသို့ အပ်နှင်းထားသည့် အခွင့်အရေးများ၏ အတိုင်းအဆကို ဆုံးဖြတ်နိုင်ရန် ခက်ခဲပါသည်။

---

[8] ဖင်လန်နိုင်ငံ၏ လူထုမီဒီယာများတွင် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ (Finish Act on the Exercise of Freedom of Expression in Mass Media) ပုဒ်မ ၁ အရ ဖော်ပြထားရာ၌ "ယခုအက်ဥပဒေသည် လူထုမီဒီယာများတွင် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေက အပ်နှင်းထားသည့်အတိုင်း၊ ပို၍ အသေးစိတ် ပြဌာန်းချက်များကို ဖော်ပြထားပါသည်။ ယခုအက်ဥပဒေကို အသုံးပြုမှုတွင် မီဒီယာ လုပ်ငန်းဆောင်ရွက်မှုများကို ဝင်ရောက်စွက်ဖက်ခြင်းသည်၊ ရှောင်လွှဲမရနိုင်သည့် အခြေအနေများတွင် ဖြစ်မှသာ တရားဝင်ပါသည်။ တရားဥပဒေစိုးမိုးမှုရှိသော ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၏ အရေးပါပုံကိုလည်း တိကျစွာ မှတ်တမ်းတင်ဖော်ပြလိုပါသည်။" ဟု ဖော်ပြသည်။ အလားတူပင်၊ ဆွီဒင်နိုင်ငံ သတင်းစာ လွတ်လပ်ခွင့် ဥပဒေ (Swedish Freedom of the Press Act) ပုဒ်မ ၄ တွင် ဖော်ပြထားရာ၌၊ "မည်သူတစ်ဦးမဆို သတင်းစာ လွတ်လပ်ခွင့်အပေါ် ကျူးလွန်ချိုးဖောက်မှုများနှင့် တရားစီရင်ရန် တာဝန်အပ်နှင်းခံရရာ၌လည်းကောင်း၊ တစ်နည်းအားဖြင့် ယခုဥပဒေအပေါ် လိုက်နာမှုများနှင့် ပတ်သက်၍ စောင့်ကြည့်ကြီးကြပ်ရာ၌ လည်းကောင်း၊ စိတ်ထဲတွင် သိမှတ်ထားရမည့် အချက်မှာ သတင်းစာလွတ်လပ်ခွင့်သည်၊ လွတ်လပ်သည့် လူ့ဘောင် အဖွဲ့အစည်းနှင့် အခြေခံကျကျ ချိတ်ဆက်မှု ရှိနေပြီး၊ ထုတ်ဖော်ပြောဆိုမှု၏ တရားဝင် မဖြစ်မှုထက် စာလျှင်၊ အကြောင်းချင်းရာ၏ တရားဝင် မဖြစ်မှုအပေါ် သူ၏အာရုံကို အစဉ်သဖြင့် စူးစိုက်ထားရပါမည်။ တင်ပြမှု အပြုအမူထက်စာလျှင်၊ ရည်ရွယ်ချက်အပေါ် ကြည့်ရပါမည်။ အကယ်၍ သံသယရှိပါက အပြစ်ချမှတ်ခြင်းထက်စာလျှင် လွှတ်ပေးရပါမည်။" ဟု ဖော်ပြထားသည်။

[9] ဆွီဒင်နိုင်ငံ သတင်းစာ လွတ်လပ်ခွင့် ဥပဒေ ပုဒ်မ ၂ တွင် ဖော်ပြထားရာ၌၊ "ရေးသားထားသည့်ကြောင်းချင်းရာများအပေါ် ပုံနှိပ်ထုတ်ဝေခြင်း မတိုင်မီတွင်၊ စိစစ်စောင့်ကြည့်မှု မရှိသင့်ပါ။ သို့အတွက်ကြောင့် ပုံနှိပ်ခြင်းကို တားမြစ်မှုမျိုးလည်း မဖြစ်သင့်ပါ။ သို့အတွက်ကြောင့် အစိုးရ အာဏာပိုင်များ၊ သို့မဟုတ် အခြားအစိုးရအဖွဲ့အစည်း တစ်ခုခုက ဤဥပဒေအောက်တွင် မည်သို့မဆို အရေးယူမှုများကိုလည်း အာဏာပေးထားခြင်း မရှိပါ။ ရေးသားထားသည့် ခြင်းရာကို ပုံနှိပ်ရန်၊ ဖြန့်ချိရန် တားမြစ်ခြင်းလည်း မဖြစ်သင့်ပါ။ သို့မဟုတ် အများပြည်သူအကြား၊ ပါဝင်သည့် အကြောင်းခြင်းရာအပေါ် မူတည်၍ ဖြန့်ဝေခြင်းကို ပိတ်ပင်တားမြစ်ခြင်းလည်း မဖြစ်သင့်ပါ။"

အဓိပ္ပါယ်ဖွင့်ဆိုချက်များ ဖော်ပြထားသည့် ဤဥပဒေ၏ အခန်း ၁ တွင်၊ အထူးသဖြင့် ဝေဝါး မရှင်းလင်းမှုများ ရှိနေပြီး၊ ပြည့်စုံကုံလုံမှုလည်း မရှိပါ။ "စာနယ်ဇင်း" (Mass media) ကို ပုဒ်မ ၂ (ဆ) တွင်၊ အဓိပ္ပါယ်ဖွင့်ဆို ဖော်ပြထားရာ၌ သမားရိုးကျ ထုတ်ဝေနေသည့် ပုံနှိပ်သတင်းစာများ၊ အွန်လိုင်းသတင်းစာများ၊ ရုပ်သံ ထုတ်လွှင့်မှုများ၊ လူမှု မီဒီယာများကို အသုံးပြုမှုများ၊ သို့မဟုတ် အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီ၊ သို့မဟုတ် နိုင်ငံတော်အစိုးရက ပုံနှိပ်ထုတ်ဝေသည့် လက်ကမ်းစာစောင်များကိုသာ လွှမ်းခြုံဖော်ပြမှု ရှိပါသည်။ အဓိကကျသည့် ဝေါဟာရများ ဖြစ်သည့် ပုံနှိပ် "publish" သို့မဟုတ် ပုံနှိပ်စာ "publication" တို့ကို အဓိပ္ပါယ် ဖွင့်ဆိုထားခြင်း မရှိပါ။ ယခုမီဒီယာများနှင့် အခြား သီးခြား အဓိပ္ပါယ် ဖွင့်ဆိုချက်များတွင် ဖော်ပြထားသည်များ ထပ်နေပြီး၊ ရှုပ်ထွေးဝေဝါး နေပါသည်။ "သတင်းမီဒီယာသမား" (media worker) အပေါ် အဓိပ္ပါယ်ဖွင့်ဆိုချက်မှာလည်း အလားတူ ကျယ်ပြန့်နေပါသည်။ သတင်းမီဒီယာနှင့် စပ်လျဉ်းသော လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်သူဟု ဖော်ပြထားပါသည်။ သတင်းထောက်လုပ်ငန်းကို ဆောင်ရွက်သည်လော၊ သို့မဟုတ် ထုတ်လုပ်မှုနှင့် သက်ဆိုင်သည့်အပိုင်းကို ဆောင်ရွက်သည်လော.. မရှင်းလင်းထားပါ။

ဤဥပဒေ၏ အခန်း ၃ တွင်၊ "သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များ" ကို ဖော်ပြထားရာ၌ အလွန်တရာ မရှင်းလင်းဘဲ ဝေဝါးနေပါသည်။ ဥပမာအားဖြင့်- "သတင်းမီဒီယာ သမားများ" ကို "ကျင့်ဝတ် စည်းကမ်းနှင့်အညီ၊ စုံစမ်း ဖော်ထုတ် ရေးသားခွင့် နှင့် သတင်းထုတ်လွှင့်ခွင့် ရှိသည်" ဟု ခွင့်ပြုထားပါသည်။ သို့သော် မည်သည့် ကျင့်ဝတ် စည်းကမ်းကို အသုံးပြုမည်ဟု တိကျစွာ ဖော်ပြထားခြင်း မရှိပါ။ ဤဥပဒေ၏ အခန်း ၄ တွင်လည်း၊ အလားတူပင် သတင်းမီဒီယာ သမားများ၏ ကျယ်ပြန့်သည့် "လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များ" ကို ဖော်ပြထားသည်။ ယင်းတာဝန်၊ ကျင့်ဝတ်များတွင် သတင်းရေးသားရာ၌ ရှောင်ရှားရမည့်တာဝန် ဖြစ်သော၊ "ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို တမင်ထိခိုက်စေသော အရေးအသားနှင့် လူ့အခွင့်အရေးကို ထိခိုက်စေသော အရေးအသားမျိုး ဖော်ပြခြင်းမှ ရှောင်ကျဉ်ခြင်း" ဟု ဖော်ပြထားသည်။ ဤအခန်းနှစ်ခုလုံးတွင် ဝေဝါးမသဲကွဲမှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာစေပါသည်။ အောက်တွင် ဆွေးနွေးထားပါသည်။

ပုဒ်မ (၁၉) ARTICLE 19 အဖွဲ့က ထပ်လောင်း ဖော်ပြလိုသည်မှာ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့် အခွင့်အရေးအပေါ် ကန့်သတ်ချုပ်ချယ်မှု မှန်သမျှသည်၊ ဥပဒေပြဋ္ဌာန်းထားချက် အရသာ ဖြစ်ရပါမည်။ သို့အတွက်ကြောင့် ဥပဒေကို လုံလောက်စွာ တိကျသည့်၊ လူတစ်ဦးက သူ၏ပြုမူမှုကို ယင်းအတိုင်း ထိန်းသိမ်းစေနိုင်လောက်အောင် ဖြစ်စေမည့် အတိုင်း၊ ပြုစုရေးသားရန် လိုအပ်ပါသည်။ ဤဥပဒေသည်လည်း ပြည်သူအများက ထိတွေ့ နားလည်မှု ရှိစေရပါမည်။[10] ဤသို့ဆောင်ရွက်ခြင်းမှာ အတင်းအကျပ်နှင့် ရှေ့နောက်မညီသော အဓိပ္ပါယ်ဖွင့်ဆိုမှုများ ရှောင်ရှားနိုင်ရန်အတွက် ကာကွယ်မှု ပြုပေးနိုင်ရန် ဖြစ်ပါသည်။ ဥပဒေပြဋ္ဌာန်းထားချက်များကို အာဏာပိုင်များက အလွဲသုံးစား မပြုနိုင်အောင် ကာကွယ်လို၍ ဖြစ်ပါသည်။

ဤဥပဒေက ဤလိုအပ်ချက်များကို လိုက်နာပြည့်မီခြင်း မရှိပါ။ သို့အတွက်ကြောင့် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့် နိုင်ငံတကာ စံနှုန်းများကို ချိုးဖောက်နေပါသည်။

**အကြံပြုချက်များ**

- ယင်းဥပဒေကို ပြန်လည်ရေးဆွဲသင့်ပါသည်။ သို့မှသာ ဥပဒေကြောင်းအရ တိကျမည်၊ နားလည်ရ လွယ်ကူမည်၊ ပြည်သူအများက ထိတွေ့သိရှိနိုင်မည် ဖြစ်ပါသည်။
- ယခု ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုနိုင်ရန် တစ်စုံတစ်ရာအားဖြင့် အခြားဥပဒေများကိုလည်း အထောက်အပံ့အဖြစ် ရည်ညွှန်းဖော်ပြရန် လိုအပ်လိမ့်မည် ဖြစ်ပါသည်။ ဤဥပဒေများကို အမည်ဖြင့် အတိအကျ ဖော်ပြရပါမည်။

[10] အထွေထွေမှတ်ချက် အမှတ် ၃၄, *op. cit.*, at para. 25.

## သတင်းမီဒီယာ အမျိုးအစားများကို ခွဲခြားရန် ပျက်ကွက်နေခြင်း

ဤဥပဒေအရ မတူကွဲပြားသည့် မီဒီယာများကို ခွဲခြားဖော်ပြရန် ပျက်ကွက်နေပါသည်။ ပုံနှိပ်၊ အင်တာနက် နှင့် ရုပ်သံ ထုတ်လွှင့်သည့် မီဒီယာများကို အတူတူ ပြုမူ ဆက်ဆံနေပါသည်။ သို့အတွက်ကြောင့် မီဒီယာကောင်စီမှတဆင့် အတူတူ အဆင့်အတန်းထား၍ စည်းမျဉ်းချမှတ် ထိန်းချုပ်ခြင်းများ ပြုမူနေပါသည်။

မည်သို့သော မီဒီယာ အမျိုးမျိုးအနေဖြင့် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် သတင်းမီဒီယာ လွတ်လပ်ခွင့် အသုံးပြုနိုင်ရန် အရေးကြီးကြောင်း အလေးပေးပြောဆိုနေသည်နှင့် တစ်ချိန်တည်းတွင်၊ သတင်းမီဒီယာ အမျိုးမျိုးအကြား စည်းမျဉ်း ထိန်းချုပ်ရာ၌ နိုင်ငံတကာ စံနှုန်းများအတိုင်း ခွဲခြားရန်လည်း လိုအပ်ပါသည်။ (ဥပမာ-ဤမီဒီယာများအပေါ် ကျင့်ဝတ်များအရ ကန့်သတ်ထိန်းချုပ်ခြင်း ဖြစ်ပါသည်။)

## ပုံနှိပ်နှင့် အင်တာနက် မီဒီယာ

ပုဒ်မ (၁၉) ARTICLE 19 အဖွဲ့သည် သတင်းမီဒီယာကောင်စီနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရနှင့် သီးခြား လွတ်လပ်မှု မရှိသောကြောင့် (အောက်တွင် အကျယ်ဖော်ပြထားသည့်အတိုင်း) နှင့် ပုံနှိပ်နှင့် အင်တာနက် အခြေခံမီဒီယာများကို စည်းမျဉ်းချမှတ်ထိန်းချုပ်ခွင့်ပေးထားသောကြောင့် အထူးစိုးရိမ်ပူပန်မိပါသည်။ မီဒီယာအားလုံးသည် အထွေထွေ ကျင့်သုံးနေသည့် ဥပဒေများအတိုင်း လိုက်နာရမည်ကို ပြန်၍ အမှတ်ရစေလိုပါသည်။ သို့အတွက်ကြောင့် ပုံနှိပ်နှင့် အင်တာနက် အခြေခံ မီဒီယာများ အတွက် သီးခြားစည်းမျဉ်း ဥပဒေများ ထပ်မံပြဋ္ဌာန်းနေရန် မလိုအပ်ပါ။[11]

အတွေ့အကြုံများအရ နိုင်ငံတော်အစိုးရက ပုံနှိပ်နှင့် အင်တာနက် အခြေခံ မီဒီယာများကို စည်းမျဉ်းချမှတ် ထိန်းချုပ်ပါက၊ ဖော်ပြခွင့်ကို မလွဲမရှောင်သာ နိုင်ငံတော်အစိုးရက ယင်းတို့ သဘောမတူပါက၊ သို့မဟုတ် အတည်မပြုနိုင်ပါက ချိုးဖောက်ကျူးလွန်သည်များ တွေ့ရှိကြရပါသည်။ သို့ဖြစ်ရာ ပြည်သူများထံသို့ မီဒီယာများက ထိရောက်စွာ သတင်းဝေမျှနိုင်စွမ်းကို ထိပါးစေပါသည်။ ဤသည်မှာ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့် နိုင်ငံတကာ စံချိန်စံနှုန်းများကို ချိုးဖောက်ခြင်း ဖြစ်ပါသည်။

မိမိဘာသာ စည်းမျဉ်းပြဋ္ဌာန်း ထိန်းသိမ်းခြင်းသည်သာ၊ ပုံနှိပ်နှင့် အင်တာနက် အခြေခံ မီဒီယာများအပေါ် ထိန်းသိမ်းရေးအတွက် လိုလားအပ်သော မိုဒယ်ပုံစံပင် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ယင်းလုပ်ငန်းကဏ္ဍကိုသာ သူတို့ဘာသာ စည်းမျဉ်းများဖွံ့ဖြိုးလာပြီး၊ ကျင့်ဝတ်လျော်ညီသည့် မီဒီယာစံနှုန်းများအပေါ် တာဝန်ယူ တာဝန်ခံမှု ဖြစ်လာစေရန်၊ ချန်ထားသင့်သည့်သဘောဖြစ်ပါသည်။ များသောအားဖြင့် ဤရလဒ်ရရှိစေရန် နိုင်ငံတော်အစိုးရနှင့် သီးခြားကင်းလွတ် လွတ်လပ်သည့် "သတင်းစာကောင်စီ" (Press Councils) များ ထူထောင်ပေးခြင်းဖြင့် ဖြစ်နိုင်ပါသည်။ ပုံနှိပ်မီဒီယာများ အားလုံးက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ကြရန် ဖွင့်ထားနိုင်ပါသည်။ သတင်းစာကောင်စီ၏ အပ်နှင်းထားသည့် အာဏာသည် မတူကွဲပြားမှု ရှိနိုင်ပါသည်။ သို့သော်လည်း ယင်းကောင်စီများ အနေဖြင့် ကျွမ်းကျင်မှု သက်မွေးဝမ်းကြောင်းဆိုင်ရာနှင့် ကျင့်ဝတ် စံနှုန်းများ ပြုစုရေးဆွဲကြရန်နှင့် ယင်းစံနှုန်းများအပေါ် လိုက်နာမှုဆိုင်ရာ တိုင်ကြားချက်များ လက်ခံရန် ယေဘုယျအားဖြင့် တာဝန်ပေးတတ်ကြပါသည်။

သတင်းမီဒီယာ ကောင်စီအများအတွက်မှု၊ တစ်သီးပုဂ္ဂလ ဘလော့ဂါ (bloggers) များ အပါအဝင် ဖြစ်သည့်၊ အင်တာနက် အခြေခံ မီဒီယာများအတွက်၊ သူတို့ ဆောင်ရွက်ရန် ဆန္ဒရှိပါက အလားတူ မိမိဘာသာ စည်းမျဉ်းချမှတ် ထိန်းချုပ်စေသည့် အဖွဲ့အစည်းများ အဖြစ် ခွင့်ပြုထားပါသည်။ ယင်းသို့သော ကောင်စီများကို သြစတြေလျ၊ နယူးဇီလန်၊ ဖင်လန်နှင့် ယူကေနိုင်ငံများတွင် တွေ့ရှိကြရပါသည်။

## ရုပ်သံထုတ်လွှင့်သည့် မီဒီယာများ

ရုပ်သံ ထုတ်လွှင့်မှု မီဒီယာများကို စည်းမျဉ်း ထိန်းချုပ်ရန်အတွက်မှု၊ ဥပမာအားဖြင့်- ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့အတွက်၊ သီးခြား တည်ထောင်သင့်ပါသည်။ အကြောင်းမှာ ဤဥပဒေအရ "ရုပ်သံထုတ်လွှင့်မှု မီဒီယာ" ကို အခြားသော ပုံစံမီဒီယာများ

[11] လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် အင်တာနက်ဆိုင်ရာ လွတ်လပ်ခွင့် ပူးတွဲ ထုတ်ပြန်ကြေညာချက်၊ ၂၀၁၁ ခုနှစ်၊ ဤအင်တာနက်စာမျက်နှာတွင် ရရှိနိုင်သည်။ http://www.osce.org/fom/78309;

မှ လုံလောက်စွာ ခွဲခြားဖော်ပြထားမှု မရှိသောကြောင့် ဖြစ်ပါသည်။ တိကျစွာ ဖော်ပြမှုသည် အရေးကြီးပါသည်။ အကြောင်းမှာ ရုပ်သံထုတ်လွှင့်မှုမှ တဆင့် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ကာကွယ်မှုပေးရာ၌၊ နိုင်ငံတော်သည် လွတ်လပ်စွာဖော်ပြပြောဆိုမှုဆိုင်ရာ နိုင်ငံတကာ စံချိန်စံနှုန်းများအရ တိကျသော တာဝန်များ ရှိနေသောကြောင့် ဖြစ်ပါသည်။ အကြောင်းမှာ ရုပ်သံထုတ်လွှင့်မှု နယ်ပယ်သည် အကန့်အသတ်ရှိသော အများပြည်သူပိုင် ရင်းမြစ် ဖြစ်သောကြောင့်ပင်။ သို့အတွက်ကြောင့် နိုင်ငံတော်တွင် အရေးပါသည့်၊ တစ်ချိန်တည်းတွင် အကန့်အသတ်ရှိသည့် အခန်းကဏ္ဍ ရှိနေပါသည်။ အကြောင်းမှာ နိုင်ငံတော်က ဤနယ်ပယ်ကို မျိုးစုံထွေပြားသော၊ ဗဟု အယူအဆစုံကို အစီအစဉ် တင်ပြနိုင်စေရန် သေချာ အသုံးချရမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။

မျိုးစုံထွေပြားသော၊ ဗဟု အယူအဆစုံကို အစီအစဉ် တင်ပြနိုင်စေရန် သေချာ ဆောင်ရွက်ပေးရမည် အချိန်နှင့် တစ်ပြိုင်နက်တည်းတွင်၊ သတင်းမီဒီယာ လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ပေးရမည်မှာ ခက်ခဲနက်နဲသော တာဝန်ပင် ဖြစ်ပါသည်။ သို့အတွက်ကြောင့် နိုင်ငံတော်က သီးသန့် လွတ်လပ်သည့်၊ ပွင့်လင်း မြင်သာသည့်၊ တာဝန်ခံမှုရှိသည့် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့အစည်းတစ်ခုကို ထူထောင်ရန်၊ သတင်းမီဒီယာ စုံလင်ထွေပြားမှုကို မြှင့်တင်ပေးနိုင်ရန်နှင့် မတူကွဲပြားမှု ဖန်တီးထားပေးသည့်၊ ပွင့်လင်းမြင်သာသော ထုတ်လွှင့်မှု မူဝါဒများနှင့် အညီ၊ ထုတ်လွှင့်မည့် လေလှိုင်း (frequencies) များကို မျှတစွာ ခွဲဝေနိုင်ရန် လိုအပ်ပါသည်။ ပုံနှိပ်နှင့် အင်တာနက် မီဒီယာတို့နှင့် မတူညီသည့်အချက်မှာစု ယင်း အဖွဲ့အစည်းသည် မိမိဘာသာ စည်းမျဉ်း ထိန်းသိမ်းသည့် အဖွဲ့အစည်းမျိုး မဟုတ်ဘဲ၊ ယင်းလုပ်ငန်း နယ်ပယ်မှလည်း သီးခြားလွတ်လပ်သည့်၊ တစ်ချိန်တည်းမှာပင် နိုင်ငံတော်နှင့် နိုင်ငံရေးပါတီများမှလည်း သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းမျိုး ဖြစ်ရန် လိုအပ်ပါသည်။

ဥပဒေပြု အဖွဲ့အစည်းများမှလည်း သီးခြားလွတ်လပ်သည့်၊ စည်းမျဉ်း ထိန်းသိမ်းရေး အဖွဲ့အစည်းသည်၊ ရုပ်သံထုတ်လွှင့်သည့် မီဒီယာများအတွက်၊ လမ်းညွှန်နိုင်မည့်၊ လိုက်နာရမည့် ကျင့်ထုံး "code of conduct" တစ်ခု ရေးဆွဲပြဌာန်းနိုင်ရန် တာဝန်ပေးသင့်ပါသည်။ ယင်းကျင့်ထုံးများကို စည်းကြပ်ရာ၌ ပြစ်ဒဏ်ပေးမှုမျိုး မဖြစ်စေသင့်ပါ။ သို့သော်လည်း ပြန်လည်ကုစားပေးမှုမျိုးကို အလေးပေးသင့်ပါသည်။ ဥပမာအားဖြင့် စည်းမျဉ်းထိန်းသိမ်းသည့် အဖွဲ့အစည်းမှ ဆုံးဖြတ်ချက်ကို ထုတ်လွှင့်ပေးခြင်းမျိုး ဖြစ်ပါသည်။

ပုဒ်မ (၁၉) ARTICLE 19 အဖွဲ့က မီဒီယာကောင်စီသည် ဤလုပ်ငန်းဆောင်တာနှင့် သင့်လျော်သည်ဟု မယူဆပါ။ ရုပ်သံထုတ်လွှင့်မှုအတွက် စည်းမျဉ်းများ ပြဌာန်းထိန်းချုပ်ခြင်းကို သီးခြားဥပဒေတစ်ခုဖြင့် ပြဌာန်းသင့်ပါသည်။

**အကြံပြုချက်များ**

- ဤဥပဒေအရ ပုံနှိပ်နှင့် အင်တာနက် အခြေခံမီဒီယာများကို တစ်ဖက်နှင့် ရုပ်သံထုတ်လွှင့်သည့် မီဒီယာများကို အခြားတစ်ဖက်တွင် ခွဲခြားထားသင့်ပါသည်။ ရုပ်သံထုတ်လွှင့်မှု မီဒီယာအပေါ်တွင်သာ စည်းမျဉ်းများကို ထားရှိသင့်ပါသည်။
- ပုံနှိပ်နှင့် အင်တာနက် အခြေခံမီဒီယာများကို အထွေထွေ အသုံးပြုနေသည့် ဥပဒေများဖြင့်သာ အုပ်ချုပ်စီမံသင့်ပါသည်။ မိမိဘာသာ စည်းမျဉ်းချမှတ်ပြဌာန်းစေခြင်း အားဖြင့်သာ၊ လိုက်နာရမည့် ကျင့်ဝတ်များကို ချမှတ်စေရေး တိုက်တွန်း အားပေးသင့်ပါသည်။
- ရုပ်သံထုတ်လွှင့်မှု မီဒီယာများတွင် သတင်းမီဒီယာ လွတ်လပ်ခွင့်ကို သေချာအပ်နှင်းနိုင်ရန် သီးခြားဥပဒေ ပြဌာန်းမှုမျိုး လိုအပ်ပါသည်။

## သတင်းထောက်များ၏ အခွင့်အရေးများကို အာမခံချက်ပေးရန် ပျက်ကွက်နေခြင်း

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း၊ "သတင်းမီဒီယာသမား" ဟူသည်မှာ "သတင်းမီဒီယာနှင့် စပ်လျဉ်းသော လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်သူကို ဆိုလိုသည်" ဟု ပုဒ်မ ၂ တွင် ဖော်ပြထားသည်မှာ၊ ဥပဒေသည် ဝေဝါးမသဲကွဲ ရှိလှပါသည်။ ယင်းဝေါဟာရသည် သတင်းထောက်များ၊ ထုတ်လုပ်ရေး လုပ်သားများ၊ ကွန်ပြူတာ နည်းပညာရှင်များ၊ မီဒီယာကုမ္ပဏီများတွင် လုပ်ကိုင်နေကြသည့် အတွင်းရေးမှူးများ၊ သို့မဟုတ် သန့်ရှင်းရေးလုပ်သားများလည်း ဖြစ်နိုင်ပါသည်။ သို့အတွက်ကြောင့် ဥပဒေအရ သတင်းမီဒီယာသမားများကို အကန့်အသတ်ရှိသည့် အာမခံချက်များဖြင့်၊ မည်သူ့ကို ကာကွယ်ပေးရမည်ကို မရှင်းလင်း ဖြစ်နေပါသည်။ ထို့အပြင် ယင်းသို့အတန်းအစားတူ ပုဂ္ဂိုလ်များတွင် မည်သူက အကျယ်အပြန့်သော တာဝန်ဝတ္တရားများ လိုက်နာရမည်မှာလည်း မသဲကွဲ မရှင်းလင်းပါ။

ပုဒ်မ (၁၉) ARTICLE 19 အဖွဲ့က ထပ်မံ ဖော်ပြလိုသည်မှာ၊ လူတိုင်းတွင် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့် ရှိပါသည်။ သို့သော်လည်း သတင်းထောက်များကို သူတို့၏လုပ်ငန်း၌ ကူညီဆောင်ရွက်ပေးရာတွင် သတင်းထောက်၏ လုပ်ငန်းတာဝန်များထမ်းဆောင်နေသည့် ပုဂ္ဂိုလ်ကို ဥပဒေကြောင်းအရ တိကျသည့် ကာကွယ်ပေးမှုများ ရရှိရန် အရေးကြီးပါသည်။ ယင်းလူပုဂ္ဂိုလ်တစ်ဦး၏ သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု အဆင့်အတန်း၊ သို့မဟုတ် အခြား သတင်းထောက်များနှင့် သူတို့၏အဖွဲ့အစည်း၊ သို့မဟုတ် တည်ထောင်ထားသည့် မီဒီယာအဖွဲ့အစည်း တစ်ခုသည် ယခုဆုံးဖြတ်ချက်နှင့် သက်ဆိုင်ခြင်း မရှိသင့်ပါ။ ယင်းအစား "သတင်းထောက်" ဟူသည့် အကျယ်အပြန့်သော အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ပုံမှန်အားဖြင့်၊ သို့မဟုတ် ကျွမ်းကျင်မှုနယ်ပယ်အရ သတင်းများ စုဆောင်းနေသည့်၊ ပြည်သူများထံသို့ လူထုဆက်သွယ်ရေး မီဒီယာတစ်မျိုးမျိုးအားဖြင့် ဖြန့်ချိနေသည့် မည်သူတစ်ဦးမဆို ဖြစ်သည် ဟူ၍သာ ဖြစ်စေသင့်ပါသည်။[12]

အခန်း ၃ တွင် နိုင်ငံတော်ကို ဝေဖန်ထောက်ပြ ရေးသားရန် လွတ်လပ်ခွင့်၊ နိုင်ငံတော် အစိုးရနှင့် အခြားရင်းမြစ်များထံမှ သတင်းများ ရယူခွင့်၊ တောင်းဆိုပိုင်ခွင့်၊ စုံစမ်းစစ်ဆေးခွင့်နှင့် ပုံနှိပ်ဖော်ပြခွင့်၊ အတင်းအကျပ် ဖမ်းဆီးထိန်းသိမ်းခံရခြင်းမှ ကင်းလွတ်ခွင့်၊ သတင်းရယူခြင်းနှင့် သက်ဆိုင်သော ကိရိယာများကို သိမ်းယူ ဖျက်ဆီးခံရခြင်းမှ ကင်းလွတ်ခွင့်၊ အကန့်အသတ်ဖြင့် အမည်မဖော်ပြဘဲ ဆက်သွယ် မေးမြန်း စုံစမ်းခွင့် အပါအဝင် "သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များ" ကို ဖော်ပြထားပါသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း၊ ယခုအခန်းတွင် ဖော်ပြထားသည့် ပြဌာန်းချက်အများမှာ ဝေဝါးမသဲကွဲဖြစ်နေပါသည်။ သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ သို့မဟုတ် အခြား အတိအကျ ဖော်ပြမထားသည့် ဥပဒေများကို ရည်ညွှန်းကိုးကားကာ အရည်အသွေး ထားရှိပေသည်။ "ရပိုင်ခွင့်များ" တွင် ပြဌာန်းပေးထားသည့် ကာကွယ်ပေးမှု အတိုင်းအဆမှာ သို့အတွက်ကြောင့် မရှင်းလင်း၊ မသဲကွဲဘဲ ရှိနေပြီး၊ အတင်းအကျပ်နှင့် ရှေ့နောက် မညီသည့် အဓိပ္ပါယ်ဖွင့်ဆို အသုံးချမှုမျိုးကို ခွင့်ပြုထားသကဲ့သို့ ဖြစ်နေပါသည်။

ပုဒ်မ (၁၉) ARTICLE 19 အဖွဲ့က ဤဥပဒေကို တစ်နည်းတစ်ဖုံ အဓိပ္ပါယ်ဖွင့်ဆို၍ "သတင်းမီဒီယာသမားများ" ၏ အခွင့်အရေးများကို ကန့်သတ်ချုပ်ချယ်မည်ကို စိုးရိမ်ပူပန်မိပါသည်။ သို့မဟုတ် သတင်းထောက်များအတွက် ခံစားနိုင်သည့် အခွင့်အရေးများသည် ဖက်စုံပြည့်စုံမှု မရှိသည့်အခါ၊ ပြီးပြည့်စုံမှုမရှိဟု ယူဆဖွယ် ဖြစ်ပါသည်။ ၎င်းအစား လူတိုင်းက ယခုအခွင့်အရေးများနှင့် ရပိုင်ခွင့်များကို ခံစားရရှိခွင့် ရှိသင့်ပါသည်။ ဤအချက်ကိုလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြပေးရန် လိုအပ်မည် ဖြစ်ပါသည်။ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်တွင် ဤအခွင့်အရေးကို အသုံးပြုမှုကြောင့် အကြမ်းဖက်ခံရမှုများမှ ကာကွယ်ပေးမှု၊ အစိုးရက ထိန်းချုပ်ထားသည့် သတင်းများ ရရှိပိုင်ခွင့်နှင့် လွတ်လပ်စွာ အစိုးရအပေါ် ဝေဖန်ပြောဆိုခွင့်တို့ အပါအဝင် ဖြစ်ပါသည်။ သတင်းထောက်များသည် ဤလွတ်လပ်ခွင့်များကို ခံစားရရှိသင့်သည့် အားလျော်စွာ၊ ဤဥပဒေသည် လူနည်းစု လူတန်းစားတစ်ခုအတွက်သာ အပ်နှင်းထားသည်၊ လက်ဝါးကြီးအုပ် ချုပ်ကိုင်ခံစားနိုင်သည်ဟု လွဲမှားအဓိပ္ပါယ် ပြန်ဆိုရန် မသင့်ပါ။

သတင်းထောက်များကို သူတို့၏ လုပ်ငန်းတာဝန်များ လုပ်ဆောင်ရာ၌ ပံ့ပိုးကူညီပေးနိုင်ရန်၊ တိကျသည့် ဥပဒေများနှင့် ပတ်သက်၍ ဤဥပဒေတွင် သတင်းထောက်များ၏ သတင်းရင်းမြစ်များ အနေဖြင့်၊ အမည်မဖော်ပြဘဲ ထားရှိလိုပါက အမည်ဖော်ထုတ်စေခြင်းကို ကာကွယ်မှုပေးသည့် အခန်း ကဏ္ဍတစ်ခု ပြဌာန်းပေးသင့်ပါသည်။

ဥပဒေတွင် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ပြည်သူများ ကျင့်သုံးနိုင်စေရန် နိုင်ငံတော်က ကာကွယ်မှုပေးသည့် တာဝန်ဝတ္တရားများကိုလည်း ပြဌာန်းထားသင့်ပါသည်။ ယင်းတို့တွင် အောက်ပါအချက်များ ပါဝင်ပါမည်။

I. ပြဿနာများ အကြိမ်ကြိမ်ဖြစ်တတ်သည့် ကိစ္စမျိုးတွင် သူတို့၏ ပြောဆိုမှုအတွက် ပစ်မှတ်ထားခံရမည့် တသီးပုဂ္ဂလ ပြည်သူများအတွက် ကာကွယ်မှုပေးမည့် အထူး အစီအမံများ ထားရှိခြင်း။

[12] ဥပမာအားဖြင့်၊ သတင်းထောက်များက သူတို့၏ သတင်းရင်းမြစ်များကို မထုတ်ဖော်ဘဲ နေနိုင်ခွင့် အခွင့်အရေးအတွက်၊ ဥရောပ ကောင်စီဝန်ကြီးများ အကြံပြုချက် နောက်ဆက်တွဲကို ကြည့်ပါ။ Council of Europe Committee of Ministers Recommendation No. R (2000) 7.

II. လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ကျင့်သုံးသည့်အတွက်ကြောင့်၊ လူတစ်ဦးချင်း အပေါ် ချမှတ်သော ရာဇဝတ်များသည်၊ သီးခြားလွတ်လပ်သည့်၊ လျှင်မြန်သည့်၊ ထိရောက်သည့် စုံစမ်းစစ်ဆေးမှုများနှင့် တရားစီရင်မှုများမှ ဆုံးဖြတ်စေရမည် ဖြစ်သည်။ ထို့အပြင်-

III. လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်အပေါ် ဆန့်ကျင်ပိတ်ပင်ခံရသည့် သားကောင် နစ်နာရသူများအတွက် သင့်လျော်သော ပြန်လည်ကုစားပေးမှုများ ရရှိစေခြင်း။[13]

မြန်မာအာဏာပိုင်များ အနေဖြင့် ပြည်သူအားလုံးအတွက် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ကျင့်သုံးနိုင်ရလေအောင် အထွေထွေသော ဥပဒေများ ချမှတ်ပေးရေးကို စဉ်းစားသင့်ပါသည်။ ဤအချက်များတွင် ဥပမာအဖြစ်- သတင်းများ ရရှိပိုင်ခွင့်ဆိုင်ရာ ဥပဒေများ၊ အုပ်ချုပ်ရေး၊ အရပ်ဖက် တရားမမှု နှင့် ရာဇဝတ်မှု ဥပဒေများကို ပြန်လည်ပြင်ဆင်ခြင်း၊ ယင်းတို့ကို လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့် နိုင်ငံတကာ စံနှုန်းများအတိုင်း ကိုက်ညီစေခြင်းတို့ အပါအဝင် ဖြစ်ပါသည်။ ဤသို့သော ဥပဒေများ ချမှတ်ခြင်းသည် သတင်းမီဒီယာ လွတ်လပ်ခွင့် လုံခြုံစွာ ရရှိစေရန်အတွက် အရေးတကြီး ကိစ္စများအဖြစ် သတ်မှတ်သင့်ပါသည်။

**အကြံပြုချက်များ**

- ဤဥပဒေ တစ်ခုလုံးတွင် "သတင်းမီဒီယာသမားများ" (media worker) ဟူသည့် အသုံးအနှုန်းအစား၊ "သတင်းထောက်များ"(journalist) ဟူသည့် ဝေါဟာရဖြင့် အစားထိုးသင့်ပါသည်။ ထို့အပြင် ဤဥပဒေက "သတင်းထောက်များ"ဆိုသည့် ဝေါဟာရမှာ အကျယ်အပြန့်အားဖြင့် "သတင်းများကို ပုံမှန်အားဖြင့်နှင့် ကျွမ်းကျင်မှုနယ်ပယ်အရ စုဆောင်းနေသည့်၊ ပြည်သူများထံသို့ လူထုဆက်သွယ်ရေး မီဒီယာတစ်မျိုးမျိုးအားဖြင့် ဖြန့်ချိနေသည့် မည်သူ တစ်ဦးမဆို ဖြစ်သည်" ဟုလည်း အတိအကျ နားလည်စေသင့်ပါသည်။
- အခန်း ၃ တွင် ဖော်ပြထားသည့် "ရပိုင်ခွင့်များ" ကို လူတိုင်းက ခံစားခွင့်ရှိသည့် အခွင့်အရေးများအဖြစ် နားလည်စေသင့်ပါသည်။ ဥပဒေကြောင်းအရ လိုအပ်ချက်များအတိုင်း လိုက်နာ၍ ပြန်လည် ပြင်ဆင်ရေးသားသင့်ပါသည်။
- ဤဥပဒေက သတင်းထောက်များ၏ သတင်းရင်းမြစ်ကို အမည်မဖော်ထုတ်ဘဲ ထားနိုင်ရန် ကာကွယ်မှု ပေးအပ်သင့်ပါသည်။
- ဤဥပဒေက လူများအနေဖြင့် သူတို့၏ လွတ်လပ်စွာဖော်ပြပြောဆိုခွင့် ကျင့်သုံးကြသည့်အပေါ် ကျူးလွန်ဆောင်ရွက်သည့် ရာဇဝတ်မှုများကို တားမြစ်ရန်၊ သို့မဟုတ် ကာကွယ်မှုပေးနိုင်ရန် တိကျသည့်လုပ်ဆောင်ချက်များ ပြဋ္ဌာန်းထားပေးသင့်ပါသည်။
- မြန်မာအာဏာပိုင်များအနေဖြင့် နိုင်ငံတွင်းရှိ လွတ်လပ်စွာဖော်ပြပြောဆိုခွင့် အပေါ်၊ ဥပဒေ အခြေခံမှုဘောင်တစ်ခုလုံး ဖက်စုံ ပြုပြင်ပြောင်းလဲရေးအတွက်လည်း စဉ်းစားသင့်ပါသည်။ သို့မှသာ သတင်းထောက်များ အပါအဝင်၊ ပြည်သူအားလုံး လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ကာကွယ်ပေးမှုရှိစွာ သေချာ ခံစားရရှိနိုင်ကြမည် ဖြစ်ပါသည်။

## နိုင်ငံတော်အနေဖြင့် သတင်းထောက်များ၏ ကျင့်ဝတ်ဆိုင်ရာ လိုက်နာစောင့်ထိန်းရမည့် အချက်များကို ဆုံးဖြတ်ပေးရန် မသင့်ပါ။

ဤဥပဒေ၏ အခန်း ၄ တွင်၊ "သတင်းမီဒီယာသမားများ" လိုက်နာကြရမည့် "တာဝန်နှင့် ကျင့်ဝတ်များ" ကို ဖော်ပြထားပါသည်။

ပုဒ်မ (၁၉) ARTICLE 19 အဖွဲ့အနေဖြင့် နိုင်ငံတော်သည်၊ ဥပဒေပြဋ္ဌာန်းရေးကဏ္ဍမှနေ၍ သတင်းမီဒီယာ လုပ်သားများအပေါ် စည်းနှောင်မှု ရှိစေမည့် တာဝန်နှင့် ဥပဒေစည်းမျဉ်းများ ချမှတ်မည်ကို အထူး စိုးရိမ်ပူပန်မှု ရှိနေပါသည်။ အထွေထွေသုံးနေသော ဥပဒေများကို ပြန်လည် ဖော်ပြခြင်းဖြင့် ဖြစ်စေ၊ သို့မဟုတ် နိုင်ငံတော်က သတင်းမီဒီယာများကို ချုပ်ကိုင်ရန် ပိုမိုကြီး

[13] လွတ်လပ်စွာဖော်ပြပြောဆိုခွင့်အပေါ် ရာဇဝတ်မှုဖြင့် အရေးယူခြင်းဆိုင်ရာ ပူးတွဲ ထုတ်ပြန်ကြေညာချက် ၂၀၁၂ ခုနှစ်၊ http://www.article19.org/resources.php/resource/3348/en/joint-declaration-on-crimes-against-freedom-of-expression#sthash.qkGzyHTv.dpuf

လေးသော စံနှုန်းများ ချမှတ်၍ ဆောင်ရွက်ခြင်းမျိုးအပေါ် စိုးရိမ်ခြင်း ဖြစ်ပါသည်။ နိုင်ငံတော် အစိုးရထံမှ သီးခြားလွတ်လပ်ခြင်း မရှိသည့် မီဒီယာကောင်စီသည်သာ အငြင်းပွားမှုများ ဖြေရှင်းရေးအတွက် အကန့်အသတ်ဖြင့် အာဏာရှိနေပြီး၊ နောက်ပိုင်းတွင် တရားစီရင်ရေးကဏ္ဍသို့ လွှဲပြောင်း၍ သတင်းမီဒီယာလုပ်သားများကို အကယ်၍ ဤစံနှုန်းများကို ချိုးဖောက်ပါက တရားစီရင်ချက် ချမှတ်နိုင်သောအာဏာနှင့် ရာဇဝတ်ကြောင်းဖြင့် အပြစ်ပေးနိုင်သော အာဏာ ရှိနေပါသည်။

အခန်း ၄ တွင် ဖော်ပြထားသည့် ဤသို့သော ကျင့်ဝတ်များမှာ ဥပဒေရေးရာ တာဝန်များသာ ဖြစ်ပြီး၊ သတင်းမီဒီယာလုပ်သားများအတွက် အထူးထား၍ ထပ်လောင်းဖော်ပြနေရန် မလိုအပ်ပါ။ ယင်းတို့မှာ အခြားဥပဒေများတွင် ရှိနေပြီးဖြစ်၍၊ အထွေထွေ အသုံးချမှုများ ရှိနေကြပါသည်။ ယင်းပြဋ္ဌာန်းချက်များတွင် တရားရုံးများအပေါ် မထေမဲ့မြင်ပြုမှုကို တားမြစ်ထားခြင်း၊ ဂုဏ်သရေ ပျက်စီးစေခြင်း၊ ပုဂ္ဂလိက ဉာဏပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ကျူးလွန်ခြင်း၊ အမုန်းတရား ပြန့်ပွားစေရန် လှုံ့ဆော်ခြင်း စသည့် ကိစ္စများ ပါဝင်ပါသည်။ သတင်းမီဒီယာဥပဒေတွင် ပြန်၍ထပ်လောင်း ဖော်ပြရန် မလိုအပ်ပါ။ ယင်းမှာ သတင်းထောက်များ လိုက်နာရမည့် ကျင့်ဝတ်များကို ပြုစုဖော်ပြရန်သာ ဖြစ်ပါသည်။ ဤသို့ဖော်ပြထားသည့်အတွက် သတင်းမီဒီယာ၏ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ဟန့်တားထားသည့်သဘော သက်ရောက်နေစေပါသည်။ အထွေထွေ အသုံးပြုနိုင်သော ဤဥပဒေများမှာ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်အပေါ် ထိခိုက်သက်ရောက်မှု ရှိစေနိုင်သည် ဆိုပါကလည်း၊ ယင်းတို့ကို နိုင်ငံတကာ စံချိန်စံနှုန်းများအတိုင်း လိုက်နာ၍ ဖြစ်စေသင့်ပါသည်။

အခန်း ၄ တွင် ပြဋ္ဌာန်းထားသည့် အခြားကျင့်ဝတ်များတွင်၊ အခြားသာမန်ပြည်သူများထက်စာလျှင်၊ သတင်းမီဒီယာ လုပ်သားများအပေါ် ပို၍မြင့်မားသော ကျင့်ဝတ် ဝတ္တရားများကို ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။ ယင်းတို့မှာ "ကျင့်ဝတ်ပိုင်းဆိုင်ရာ"၊ သို့မဟုတ် "လုပ်ငန်းကျွမ်းကျင်မှု နယ်ပယ်အလိုက်ဆိုင်ရာ" ဝတ္တရားများအဖြစ်သာ ထားရှိစဉ်းစားသင့်ပါသည်။ ဤအချက်များတွင် တိကျမှန်ကန်စွာနှင့် ယုံကြည်ရလောက်စွာ သတင်းရေးသား ဖော်ပြခြင်း၊ မမှန်သတင်း ဖော်ပြမိပါက ပြန်လည်ပြင်ဆင်ဖော်ပြပေးခြင်း စသည်တို့ကိုသာ သေချာ ဆောင်ရွက်ခြင်းမျိုး ဖြစ်သင့်ပါသည်။

မီဒီယာကောင်စီအနေဖြင့် ဤစံနှုန်းများကို စည်းကြပ်ရန် ပဏာမတာဝန်ရှိပြီး၊ သက်ဆိုင်ရာ ပါတီများကို နှစ်ဖက်တွေ့ဆုံ ညှိနှိုင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့် အညီ ကျေလည်အောင် ဆောင်ရွက်ရသည်။ အကယ်၍ ညှိနှိုင်း၍ ကျေလည်မှု မရရှိပါက၊ "သင့်လျော်သော" တရားရုံးများတွင် ရာဇဝတ်ကြောင်းအရ အရေးယူပေးရန် တရားစွဲဆို တင်ပြနိုင်သည်။ ဒဏ်ငွေကို အနည်းဆုံး ကျပ်တစ်သိန်းမှ ကျပ်ဆယ်သိန်းအထိ ချမှတ်နိုင်သည်။ အခြားတစ်နည်း နှင့် ပြင်းထန်မှု ပိုနည်းသော အရေးယူမှုအဖြစ်၊ တုံ့ပြန်ဖြေကြားခွင့်၊ သို့မဟုတ် ပြန်လည်ပြင်ဆင်ခွင့်၊ သို့မဟုတ် မီဒီယာကောင်စီ၏ ဆုံးဖြတ်ချက်အရ ပုံနှိပ်ဖော်ပြခြင်းတို့ကို အခွင့်မပေးထားပါ။

ပုဒ်မ (၁၉) ARTICLE 19 အဖွဲ့က ထပ်လောင်း ဖော်ပြလိုသည်မှာ၊ ဥပဒေပြဋ္ဌာန်းသည့် အဖွဲ့အစည်းများ အပါအဝင်ဖြစ်သည့် နိုင်ငံတော်သည်၊ "ကျင့်ဝတ်ပိုင်းဆိုင်ရာ"၊ သို့မဟုတ် "လုပ်ငန်းကျွမ်းကျင်မှု နယ်ပယ်အလိုက်ဆိုင်ရာ" ဝတ္တရားများကို မည်သို့သော မီဒီယာအမျိုးအစား၊ (ပုံနှိပ်၊ အင်တာနက် အခြေခံနှင့် ရုပ်သံထုတ်လွှင့် မီဒီယာများ အပါအဝင်) အတွက်ကိုမျှ မရေးဆွဲသင့်ပါ။ မပြဋ္ဌာန်းသင့်ပါ။ ယခုစံနှုန်းများကို စည်းကြပ်မှုသည်လည်း အစိုးရနှင့် သီးခြားကင်းလွတ်သော အဖွဲ့အစည်းကသာ ဆောင်ရွက်ခြင်း ဖြစ်စေသင့်ပါသည်။ အရေးယူမှုများသည်လည်း အပြစ်ပေးဒဏ်ခတ်မှု ပုံစံမျိုး မဖြစ်စေသင့်ပါ။ ရာဇဝတ်ကြောင်းအရ အပြစ်ပေး အရေးယူမှုမျိုး၊ ဒဏ်ငွေပေးဆောင်စေမှုမျိုး မည်သည့်အခြေအနေမျိုးတွင်မှ မဖြစ်စေသင့်ပါ။

အထက်တွင် အတိအကျဖော်ပြထားသည့်အတိုင်း၊ ပုံနှိပ်နှင့် အင်တာနက်အခြေခံ မီဒီယာများအတွက် ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများကို သူတို့ဘာသာ စည်းမျဉ်းချမှတ်စေသည်ကသာ အကောင်းဆုံး ဖြစ်ပါသည်။ ရုပ်သံထုတ်လွှင့်မှု မီဒီယာများ အတွက်မူ လိုက်နာရမည့် ကျင့်ဝတ်များကို လူအများပါဝင်နိုင်သည့်၊ ပွင့်လင်းမြင်သာမှုရှိသည့် လုပ်ဆောင်မှုမျိုးဖြင့် သီးခြား လွတ်လပ်သည့်၊ ပွင့်လင်းမြင်သာသည့်၊ တာဝန်ခံမှုရှိသည့် စည်းမျဉ်းထိန်းသိမ်းရေး အဖွဲ့အစည်းတစ်ခုကသာ ချမှတ်သင့်ပါသည်။

### အကြံပြုချက်များ

- ဥပဒေသည် သတင်းမီဒီယာများ လိုက်နာရမည့် ကျင့်ဝတ် ဝတ္တရားများကို အတိအကျ သတ်မှတ်ဖော်ပြခြင်း မပြုသင့်ပေ။ သို့မဟုတ် ဤစံနှုန်းများကို စည်းကြပ်မည့် ယန္တယားလုပ်ငန်းစဉ်၊ အပြစ်ပေး အရေးယူမှုများကိုလည်း မလုပ်ဆောင်သင့်ပါ။
- သတင်းမီဒီယာနှင့် ပတ်သက်သော မည်သို့သော ဥပဒေမဆို အထွေထွေအသုံးပြုနေသည့် ရာဇဝတ်မှုဆိုင်ရာ၊ တရားမမှုဆိုင်ရာ ဥပဒေများကို ပြန်၍ကူးယူ ဖော်ပြခြင်းမျိုး မပြုသင့်ပါ။
- ပုံနှိပ်နှင့် အင်တာနက်မီဒီယာများ အနေဖြင့် သူတို့၏ ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများကို ကိုယ်တိုင် စည်းမျဉ်းပြဌာန်းမှု ဖြင့်သာ ချမှတ်ဆောင်ရွက်သင့်သည်။
- ရုပ်သံထုတ်လွှင့်မှု မီဒီယာအတွက်မူ၊ လူအများ ပါဝင်ခွင့်ရှိ၍ ပွင့်လင်းမြင်သာသော ဆောင်ရွက်ချက်ဖြင့်၊ သီးခြား လွတ်လပ်သော၊ ပွင့်လင်းမြင်သာသော၊ တာဝန်ခံနိုင်သော အဖွဲ့အစည်းတစ်ခုက လိုက်နာရန် ကျင့်ဝတ်များ ချမှတ်လိုက်နာစေခြင်း ဖြစ်သင့်သည်။

### သတင်းမီဒီယာကောင်စီသည် လွတ်လပ်မှု မရှိပါ။

ဤဥပဒေ၏ အခန်း ၆ တွင် သတင်းမီဒီယာကောင်စီကို ဖွဲ့စည်းပေးထားသည်။ ဤစည်းမျဉ်းထိန်းသိမ်းမှု အဖွဲ့သည် နိုင်ငံတော်မှ သီးခြား လွတ်လပ်ခွင့်ရှိစေရန် အာမခံချက် ပေးထားသည်ထက်စာလျှင်၊ ယင်းပြဌာန်းချက်အရ နိုင်ငံတော် သမ္မတ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ကို ကိုယ်စားလှယ်များ ခန့်အပ်ခွင့် ပြုထားပါသည်။

ဤသို့ ကိုယ်စားလှယ် ၃ ဦး ခန့်အပ်ခွင့် ပြုထားသည့်အပြင်၊ အခြား အဖွဲ့အစည်းများ ဖြစ်ကြသည့် လုပ်ငန်းရှင်များနှင့် ရပ်ရွာအဖွဲ့အစည်းများမှ ကိုယ်စားပြုခွင့်များကိုလည်း အတိအကျ မျှဝေဖော်ပြထားခြင်း မရှိပါ။ သို့အတွက်ကြောင့် မည်သည့်မီဒီယာက ယင်းတို့၏ ကိုယ်စားလှယ် အရေအတွက်မည်မျှ ခန့်အပ်ပေးနိုင်မည်၊ အခြားသော လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် မည်မျှခန့်အပ်ပေးနိုင်မည်ကိုလည်း ရှင်းလင်းသေချာ မရှိပါ။ သို့ဖြစ်ရာ ကိုယ်စားလှယ်များ ဤသို့ ခန့်အပ်မှုအပေါ် နိုင်ငံရေးအရ ဩဇာလွှမ်းမိုးမှုကို ကာကွယ်နိုင်ရန် ဆောင်ရွက်ပေးထားခြင်း မရှိပါ။ အလားတူပင် ဥပဒေအခန်း ၇ တွင်လည်း၊ သတင်းမီဒီယာကောင်စီအတွက် ရန်ပုံငွေရရှိရန် ရင်းမြစ်များကို ဖော်ပြထားပါသည်။ သို့ သော်လည်း သီးခြားလွတ်လပ်ခွင့်ကို ထိန်းသိမ်းထားနိုင်ရန် ရရှိလာသည့် ရန်ပုံငွေများကို မည်သို့ကာကွယ်မှုပေးထား မည်ဟု အတိအကျ ဖော်ပြထားခြင်း မရှိပါ။

မိမိတို့ ထပ်လောင်းဖော်ပြလိုသည်မှာ မီဒီယာကောင်စီအနေဖြင့်၊ အထူးသဖြင့် ပုံနှိပ်နှင့် အင်တာနက်မီဒီယာများ အပါအဝင်၊ ပုံစံ မျိုးမတူသော မီဒီယာများအပေါ် လွှမ်းမိုးနိုင်သော မည်သို့သော အာဏာကိုမျှ မပေးရပေ။ ယင်းအစား ပုံနှိပ် နှင့် အင်တာနက် မီဒီယာများသည် မိမိဘာသာ ထိန်းချုပ်စည်းမျဉ်းချမှုသာ ရှိသင့်ပါသည်။ ရုပ်သံထုတ်လွှင့်သော မီဒီယာများနှင့် ပတ်သက်၍မူ၊ သီးခြား၊ ရည်ရွယ်ဖွဲ့စည်းထားသော စည်းမျဉ်းထိန်းသိမ်းရေး အဖွဲ့အစည်းကို ဥပဒေအရ ဖွဲ့စည်း ထားသင့်ပြီး၊ နိုင်ငံတော်ထံမှ၊ နိုင်ငံရေးပါတီများထံမှ၊ အခြား မိမိအကျိုးစီးပွား ရည်ရွယ်လှုပ်ရှားရာ အုပ်စုများထံမှ သီးခြားလွတ်လပ်ခွင့် အာမခံချက်များကို အလုံအလောက် ထားရှိရပါမည်။

### အကြံပြုချက်များ

- သတင်းမီဒီယာကောင်စီတွင် ပုံနှိပ်၊ အင်တာနက် အခြေခံမီဒီယာများအပေါ်၌ မည်သို့သော အာဏာသက်ရောက်မှုမျိုးမှ မရှိစေသင့်ပါ။ ယင်းတို့သည် မိမိဘာသာ စည်းမျဉ်းထိန်းသိမ်းခြင်းမျိုး ဖြစ်စေသင့်သည်။
- ရုပ်သံထုတ်လွှင့် မီဒီယာများကို လွတ်လပ်သည့်၊ ပွင့်လင်းမြင်သာသည့်၊ တာဝန်ခံမှုရှိသည့် ဥပဒေစည်းမျဉ်းထိန်း အဖွဲ့အစည်းတစ်ခုက စည်းကြပ်သင့်ပါသည်။